

ပင်းမြတ်သူရ
မြည်တော်မြန်

ကလောင်သစ်များအတွက် မင်းမြတ်သူရ၏ မေတ္တာလက်ဆောင်

ကလောင်သစ်တစ်ယောက်ရဲ့ ဘဂခရီးအစဟာ နာကြည်းကြေကွဲဖွယ်အတိပါ။ အနှိမ်ခံ၊ အဖိနှိပ်ခံ၊ မျက်နှာငယ်ခံပြီး ခက်ခဲကြမ်းတမ်းတဲ့ဘဂခရီးလမ်းကို စရပါတယ်။ စာပေကန္တာရကြီးထဲမှာ မျက်စိသူငယ်ဖြစ်နေရှာတဲ့

ကလောင်သစ်လေးတွေဟာ .. ရေးတစ်ပေါက်သောက်ခွင့်ရရင် ဘယ်လောက်များ

ဂမ်းသာပျော်ရွှင်လိုက်မလဲ…

ကျွန်ုပ်က သင်တို့ကို ရေတစ်ပေါက်တိုက်ပါရစေ…

ကလောင်သစ်များအတွက်-

-

**ဇာတ်ဆောင်စိတ်ပညာ**

-

**သရုပ်ဆော် စိတ်ပညာ**

-

**ဇာတ်လမ်းဖန်တီးမှု အတတ်ပညာ**

-

**ဇာတ်လမ်းသီအိုရီများ**

- ဇာတ်ဆောင်အားပြိုင်မှုများ စသည့် စသည့် နည်းပညာဆိုင်ရာ ပို့ချချက်များကို မေတ္တာဖြင့် ပို့ချပေးပါမည်။

ကျွန်ုပ်၏ သင်ကြားမှုများမှာ နည်းမရှိသောနည်း (way without way)

များ၊ ဖြစ်သဖြင့် သင်တို့သိသမျှ အရာအားလုံးကို လွှတ်ချထားနိုင်လျှင် အကောင်းဆုံးပါ။

မြန်မာပြည်တွင်မည်သူမျှ မပို့ချဘူးသေးသော မင်းမြတ်သူ၏ ကိုယ်ပိုင်နည်းစနစ်များနှင့် သင်ကြားပေးပါမည်။

စနေ၊ တနင်္ဂနွေ နေ့လယ် (၁) နာရီမှ (၂) နာရီအတွင်း မင်းမြတ်သူရ အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့ လူကိုယ်တိုင် လာရောက်တွေ့ဆုံနိုင်ပါသည်။ ငွေကြေးလုံးဝပေးစရာမလိုပါ။ မေတ္တာကို မေတ္တာဖြင့်ပင် တုံ့ပြန်ပါရန်......

(စာပေးစာယူနည်းဖြင့် သင်ကြားပေးရန် မဖြစ်နိုင်ပါ)

*

## အမှာစကား

ပြည်တော်ပြန်ဂတ္ထုဟာ ဂမ္ဘီရမဂ္ဂဇင်းကြီး တစ်စောင်အတွက် အခန်းဆက်ဂတ္ထုရှည်အဖြစ် ရည်ရွယ်ပြီး ရေးသားခဲ့ပေမယ့် မမျှော်လင့်ဘဲ လုံးချင်းဂတ္ထုဖြစ်သွားခဲ့ပါတယ်။

ဒါကြောင့် အခန်းဆက်ဂတ္ထုရှည်တစ်ပုဒ်အဖြစ် ခံစားရမယ်ဆိုရင် စာရေးသူ၏ အားနည်းချက်ဖြစ်ပါကြောင်း။

*

ဘဂမှာ မေးခွန်းတွေအတွက် အဖြေပေးထားတာမရှိဘူး။ ရှိတဲ့အဖြေတွေဟာ အကျိုးသင့် အကြောင်းသင့်ဖြစ်အောင် လှည့် ပတ်ပြီး ဖြေထားတဲ့ အဖြေတွေပါ။ ကံကြမ္မာကို ဘုရားသခင်က ဖန်ဆင်းထားလို့ပြောကြတယ်၊ ဘုရားသခင်က ဘာလို့ ဖန်ဆင်းတာ လဲလို့မေးရင် ပညာရှိတွေ ဘယ်လိုဖြေမလဲ.....

*

အချို့က အတိတ်ကံတဲ့၊ အချို့ကလည်း သံသရာလည်တယ်တဲ့၊ သံသရာဘာကြောင့်လည် တာလဲလို့မေးရင် ဘယ်လိုဖြေမလဲ...။ အတိတ်ကံကြောင့်ဖြစ်ရင် အဲဒီ အတိတ်ကံကို နောက်ပြန် ဆုတ်မယ်။ ပထမဆုံး အတိတ်ကံကို ဘယ်သူလုပ်တာလဲလို့ မေးမယ်။ ဘယ်လို ဖြေမလဲ။ ကြက်က ဥကပေါက်တာလား...။ အကောင်က ပေါက်တာလား ဆိုတဲ့ မေးခွန်းလိုပါပဲ။ မဆုံးနိုင်အောင်ဖြစ် သွားမယ်...။

*

ပညာရှိတွေကို ဖန်ဆင်းရှင်၊ အတိတ်ကံနဲ့ သံသရာ အကြောင်း မေးရင် မင်းကို မျက်ထောင့် နီကြီးနဲ့ ကြည့်ပြီး ဒါက ဘုရားကိစ္စ၊ လျှို့ဝှက်ချက်ဖြစ်တယ်၊ လူသာမန်တွေ လက်လှမ်းမမီဘူး။ နားမလည် ဘူးလို့ ဖြေလိမ့်မယ်။

*

တရားသမားတွေကို မေးခွန်းတွေမေးသလို သိပ္ပံသမားတွေကို လည်း မေးကြည့်ပါ။ ရေဘာ လို့ ဖြစ်တာလဲလို့ မေးရင် အောက်စီဂျင်နဲ့ ဟိုက်ဒရိုဂျင်ပေါင်းရင် ရေဖြစ်တယ်လို့ ဖြေလိမ့်မယ်။ ဘာကြောင့်ဖြစ် တာလဲလို့ မေးရင် သူမဖြေနိုင်ဘူး။ သူသိတာက ဒီနှစ်ခုပေါင်းရင် ရေဖြစ်တယ်။ မပေါင်းရင် မဖြစ်ဘူး။ ဒါပဲ သူ့မှာ အဖြေရှိတယ်.....။

*

(နိဒါန်း)

ရခိုင်ကမ်းရိုးတန်းနှင့်မဝေးလှသော အရပ်၌ ထူးဆန်းသော ကျွန်းတစ်ကျွန်းရှိ၏ ။

ထိုကျွန်း၌ လှပသော သဲသောင်ပြင် အုန်းတောစိမ်းစိမ်း ကျောက်စွယ်ကျောက်တန်းနှင့် မှိုင်းညိုသော တောင်တန်းများရှိသဖြင့် သာယာသော ကျွန်းတစ်ကျွန်းဟု ဆိုနိုင်၏ ။

ကျွန်းသည် ပင်လယ်ကမ်းရိုးတန်းနှင့် မဝေးလှသဖြင့် လှိုင်းလေကင်းစင်သော ရာသီများ၌ အနီးအနားဒေသရှိ တံငါသည်များသည် ကျွန်းကို ကွန်းထောက်စခန်းသဖွယ် အသုံးပြုလေ့ရှိကြ၏ ။

ထို့ကြောင့်ပင် ကျွန်း၌ တံငါများ၊ ဆေးလိပ်၊ ကွမ်းယာမုန့်ပဲသွားရည်စာများ ရောင်းသူများ နှင့် စည်ကားနေလေ၏ ။

တံငါသည်များသည် ကျွန်း၌ ပင် ဖမ်းဆီးရမိသော ငါးများကို ငါးခြဲ ငါးလှမ်းလေ့ရှိ၏ ။ ထိုငါးများကို ငါးကုန်သည်များက ကျွန်းပေါ်သို့ လာရောက်ဝယ်ယူကြ၏ ။

ကျွန်းပေါ်တွင် အရက်ဝိုင်း၊ ဖဲဝိုင်း၊ ကြက်ဝိုင်းစသော ဘုရားမကြိုက်သည့် အမှုများကို ပြုလေ့ရှိ၏ ။ ထူးဆန်းသော အချက်မှာ ဤမျှစည်ကားသောကျွန်းကလေး၌ မိုးဦးမှ မိုးနှောင်းကာအထိ ငါးလနီးပါးကာလတွင် သုသာန်တစ်ပြင်ကဲ့သို့ ခြောက်ကပ်သွားလေတော့၏ ။

အဘယ်ကြောင့်ဆိုသော် ရာသီဥတုဆိုးဝါးသောကာလ၌ ကျွန်းကလေးသို့ ချဉ်းကပ်ရန် အလွန်အန္တရာယ်များသောကြောင့်ဖြစ်၏ ။ ကျွန်းကလေးအနီးတွင် ချွန်မြသော ကျောက်ဆောင် ကျောက်တန်းများ၊ ကြောက်မက်ဖွယ် သန္တာကျောက်တန်းများ ပြည့်နှက်နေ၏ ။ ထိုအရာများကို လှိုင်းလေအလွန်ငြိမ်သောကာလ၌ ပင် လှေသားများ သတိကြီးစွာထား၍

ရှောင်ကြဉ်ရ၏ ။

ထိုသို့သတိထားသည့်ကြားကပင် ရေအောက် ကျောက်ဆောင် ကျောက်တန်းများက လှေသမ္ဗန်များ၏ ဝမ်းဗိုက်ကို ခွဲပစ်လေ့ရှိ၏ ။

ကျွန်း၏ ရာဇဝင်တွင် လှေသမ္ဗန်များကို နစ်မြုပ်ပစ်ပေါင်း များလှပေပြီ။

ထို့ကြောင့် ဤရာသီတွင် ကျွန်းသို့ မည်သည့်လှေသမ္ဗန်မျှမလာဝံ့တော့။ ကျွန်း၏ အဝေးမှာသာ ရှောင်ကွင်း၍ သွားလာလေ့ရှိ၏ ။ မိုးဦးမှ မိုးနှောင်းကာလ၌ ကျွန်းသည် ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ပြတ်ပြီး အထီးကျန်တစ်ကိုယ်တည်းရှိလေ၏ ။

မိုးကုန်သောအခါ၌ မူ ကမ်းရိုးတန်းဒေသမှ လူများသည် ကျွန်းသို့ သူ့ထက်ငါ အလုအယက် ရောက်လာကြ၏ ။

ထိုဒေသရှိ များစွာသော တံငါတို့၏ အဓိကရည်မှန်းချက်မှာမိုးကုန်သည်နှင့် ကျွန်းသို့ အစောဆုံးရောက်အောင် လာရေးပင်ဖြစ်၏ ။

အဘယ့်ကြောင့်ဆိုသော် ကျွန်း၏ ထူးဆန်းမှုကြောင့်ပင်ဖြစ်၏ ။ ယင်းမှာ ဘင်္ဂလားပင်လယ်အော်တွင် အနောက်မြောက်မှ အရှေ့တောင်သို့ စီးဆင်းသော ရေစီးကြောင်းတစ်ခုရှိ၏ ။

ယင်းရေစီးကြောင်းသည်ကျွန်းသို့ဦးတည်၍ စီးဆင်း၏ ။ ထို့ကြောင့် မိုးဦးနှင့် မိုးနှောင်း ကာလအတွင်း ပင်လယ်ထဲရှိ သင်္ဘောကြီးငယ်တို့မှ လွင့်စင်ကျပျောက်သော ပစ္စည်းမျိုးစုံသည် ကျွန်းသို့ ဦးတည်မြဲဖြစ်၏ ။

မုန်တိုင်းဒဏ်ကြောင့် ပင်လယ်ထဲတွင် နစ်မြုပ်သော သင်္ဘောကြီးငယ်တို့မှ ပစ္စည်းများ သည် ကျွန်းသို့ လာရောက်၍ သောင်တင်လေ့ရှိ၏ ။

ပင်လယ်ထဲမှ မျောပါသော ပစ္စည်းများတွင် အရက်စည်များ၊ ငါးဖမ်းပိုက်များ၊ လူ့အသုံး အဆောင်ပစ္စည်းများ စုံစုံလင်လင်ပါရှိ၏။ ကျွန်းသို့ အစောဆုံးရောက်အောင် လာနိုင်သူသည် ထိုပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရှိ၏။

ကံကောင်းလျှင် ပင်လယ်ထဲမှ မျောပါလာသော ရတနာသေတ္တာကိုပင် ရရှိနိုင်ပါ၏။

ထို့ကြောင့် ကျွန်းသည် ကန်းရိုးတန်းဒေသတွင် နေထိုင်သူများ၏ စိတ်ကူးယဉ်အိပ်မက်ပင် ဖြစ်၏။

ထိုအိပ်မက်ကို အကောင်အထည်ဖော်လိုသူများသည် ကျွန်းသို့ အစောဆုံးရောက်အောင် လာ၍ ရသမျှ ပစ္စည်းများကို ရှာဖွေစုဆောင်း၏။

ကျွန်းမှ ရရှိသောပစ္စည်းများကို စုဆောင်း၍ ရွာသို့ပြန်ကာ ရောင်းချလေ့ရှိ၏။ အဘိုးတန်ပစ္စည်းများပါလျှင် မြို့ပေါ်သို့ပင် တက်၍ ရောင်းချလေ့ရှိ၏။

ထို့ကြောင့် ကျွန်းသို့ အစောဆုံးရောက်အောင် လာနိုင်သူသည် ကံကောင်းလျှင် သူဌေး လောင်းဖြစ်သွားနိုင်၏။ သို့သော် အန္တရာယ်အလွန်များသဖြင့် ထိုကစားပွဲသည် မိမိ အသက်ကို ရင်း၍ ကစားရသော ကစားပွဲပင်ဖြစ်၏။

*

# အခန်း (၁)

မိုးဦးမှ မိုးနှောင်းကာလအတွင်း ကျွန်းတွင်နေထိုင်၍ ပင်လယ်မှစွန့်ပစ်သော ပစ္စည်းများကို ရယူလိုသူများရှိ၏ ။

သို့သော် လက်တွေ့တွင် မည်သူမျှ ဖြစ်မလာကြပေ။ ကျွန်းတွင် အန္တရာယ်များလွန်းလှ၏ ။ တစ်မိုးလုံး ကြုံတွေ့ရမည့် မုန်တိုင်းအန္တရာယ်နှင့်အခြား မမျှော်မှန်းနိုင်သော အန္တရာယ်များရှိ၏ ။

ကျွန်းတွင် မြွေဆိုးများလည်း ပေါများလှ၏ ။ စားရေးသောက်ရေးလည်း ခက်ခဲလှ၏ ။

နေထိုင်မကောင်း၍ ဆေးဝါးကုသရန်ပင် မဖြစ်နိုင်။ မိုးတွင်းကာလ ငါးလလုံးလုံး ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ပြတ်နေ၏ ။

ထို့ကြောင့် ကျွန်းတွင် နေထိုင်ရန် မည်သူမျှ မစွန့်စားဝံ့ကြ။ အန္တရာယ်များလွန်းလှသည်။ သို့သော် ထိုအခက်အခဲများကို မကြောက်မရွံ့ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သူတစ်ဦးလည်းရှိ၏ ။

ထိုသူမှာ သူရဲကောင်းတစ်ယောက်မဟုတ်ပေ။

အစဉ်အလာအရ ရဲပွဲသူတစ်ဦးလည်း မဟုတ်ပေ။

ရိုးသားအေးဆေးသော တံငါသည်တစ်ဦးသာဖြစ်၏ ။ သူ၏ ဆုံးဖြတ်ချက်ကို အိမ်သူဇနီးအား ဖွင့်ပြောလိုက်သောအခါ သူမက အထိတ်ထိတ်အလန့်လန့်ကြည့်၍ ...

“မဖြစ်နိုင်တာကို မကြံစည်ပါနဲ့ ကိုဖိုးအေးရယ်၊ အေးအေးဆေးဆေးနေစမ်းပါ။ ကျွန်းပေါ်မှာ အန္တရာယ်များပါဘိသနဲ့”

ဟုကန့်ကွက်လေ၏ ။ ဖိုးအေးက...ခေါင်းခါ၍ ...

“ငါဆုံးဖြတ်ပြီးပြီ မဆုံ၊ ကျွန်းမှာ အန္တရာယ်များတယ်ဆိုပေမယ့် ငါတို့တံငါတွေဟာ ပင်လယ်ထဲမှာလဲ အန္တရာယ်နဲ့ အမြဲကြုံနေရတာ ပဲ။ ကျွန်းမှာ နေတတ်ရင် ငါးလဆိုတာ ဘာမှ မကြာပါဘူး”

“အို… ရှင့်ကို ကျွန်မ စိတ်မချပါဘူး။ ရှင်ဘာလို့ ဒီလောက် လောဘကြီးနေရတာ လဲ”

“ပြောရက်လိုက်တာ ရှင်မရယ်၊ ငါတို့မှာ သားကလေးတစ်ယောက် မွေးထားတယ် မင်း မေ့နေပြီလား။ သားကိုရှင်ပြုပေးချင်တာကြာပြီ။ စားရေးသောက်ရေး အဆင်မပြေသေးလို့ တစ်နှစ် ပြီးတစ်နှစ် ရွှေ့လာတာ။ ငါ စိတ်မကောင်းဘူးကွာ၊ ငါ ကျွန်းမှာ သွားပြီး ငွေရှာချင်တာ သားလေး အတွက်ပဲ”

ကိုဖိုးအေး၏ စကားအဆုံးတွင် ဇနီးသည်၏ မျက်နှာသည် ငူငူငိုင်ငိုင်ကြီးဖြစ်သွား၏ ။ ပြီးမှ..

“ရှင့်ကို တားလို့မရတော့ဘူးလား ကိုဖိုးအေး…”

ဟု မေးမြန်းလိုက်၏ ။ ဖိုးအေးက.. သက်ပြင်းချ၍ …

“မတားပါနဲ့တော့ကွာ ငါဆုံးဖြတ်ပြီးပြီ”

ဟုတီးတိုးပြောလေ၏ ။ သူမက တစ်ခဏမျှ တွေဝေသွားပြီး.. လက်သီးဆုပ်၍ …

“ဒါဆိုရင် ရှင်နဲ့အတူ ကျွန်မလည်း လိုက်မယ်။ အန္တရာယ်များတဲ့ ကျွန်းမှာ ရှင့်ကိုတစ် ယောက်တည်းစိတ်မချဘူး။ ကျွန်မတို့မိသားစု သေအတူ ရှင်အတူပေါ့ရှင်”

ဟု ပြောလိုက်ရာ ဖိုးအေးက ခေါင်းခါ၍ …

“မဖြစ်ပါဘူးကွာ၊ မင်းတို့မိသားစု ပင်ပန်းဆင်းရဲလိမ့်မယ် မလိုက်ပါနဲ့”

ဟု တားဆီးလေ၏ ။ သူမက…

“ဒါဟာ ကျွန်မတို့ မိသားစုရဲ့ အကြီးမားဆုံး စွန့်စားမှုကြီးပဲ။ ဒီစွန့်စားမှုမှာ ရှင်နဲ့အတူ ကျွန်မတို့ကိုပါ ပါဝင်ခွင့်ပြုပါ။ ကျွန်မတို့ကိုလည်း အခွင့်အရေးပေးပါ”

ဟုတောင်းဆိုလိုက်ပြန်ရာ ဖိုးအေးသည် မဆုံ၏ ရဲရဲတောက်စကားကြောင့် ငြင်းဆန်ရခက် သွားလေ၏ ။ ပြီးမှ..

“မင်းက လိုက်လို့ဖြစ်ပေမယ့် သားနဲ့သမီးက ငယ်သေးတယ်ဖြစ်ပ့ါမလားကွာ”

ဟု ရေရွတ်လေ၏ ။ မဆုံက အားမာန်အပြည့်ဖြင့်...

“ရှင်သားနဲ့ သမီးက အဖေတူ အမေတူတွေ သားတွေပါ။ သူတို့မှာလည်း သတ္တိမသေးပါဘူး။ ရှင်အထင်မသေးပါနဲ့”

ဟု ပြောလိုက်လေ၏ ။

ဖိုးအေးသည် မဆုံ၏ စကားကို နားထောင်၍ ငြင်းပယ်ခြင်းမှာမစွမ်းသာအောင် ရှိလေ၏ ။

ဖိုးအေးတို့ မိသားစု ကျွန်းသို့ သွားရောက်နေထိုင်မည့် သတင်းသည် အနီးအနားရွာများသို့ တဖောချင်းပျံ့နှံ့သွားလေ၏ ။

အချို့က စုတ်သတ်သတ်ဖြင့် စိတ်မကောင်းဖြစ်ကြ၏ ။

အချို့စိတ်ကောင်းရှိသူများက ကျွန်းသို့မသွာရန် ..လာရောက်တားမြစ်ကြ၏ ။ အချို့ကလည်း..

“မိုက်လိုက်တဲ့ ဖိုးအေးနှယ်၊ ယောက်ျားရင့်မာကြီးတွေတောင် ကျွန်းမှာနေဖို့ ခက်တာ။ သူက မိန်းမနဲ့ကလေးတွေပါ ခေါ်သွားဦးမယ်တဲ့။ အသက်ပြန်ပါလာရင် ကံကောင်း”

ဟုအပြစ်တင်ကြသလို အချို့ကလည်း...

"ဒီကောင် စိတ်မှကောင်းသေးရဲ့လား သည်းခြေများ ပျက်နေပြီလား"

ဟု ကဲ့ရဲ့ကြ၏ ။

မည်သို့ပင်ဖြစ်စေ။ သတ္တိခဲ ဖိုးအေးသည် ကျွန်းသို့သွားရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်၏ ။ သူ့အား သိကြားမင်းကြီးဆင်းလာလျှင်ပင် ရအံ့မထင်။

ထိုသတင်းသည် ရွာဦးကျောင်းဆရာတော်နားသို့ ပေါက်ကြားသွားသောအခါ လောကီကိစ္စကို စိတ်မဝင်စားသော ဆရာတော်က..

"သဗ္ဗေသတ္တာ ကမ္မသကာပဲ"

ဟု ရေရွတ်တော်မူ၏ ။ ရွာသားများသည် ဖိုးအေးကို တားဆီး၍ မရသောအခါ မြန်မာလူမျိုး ပီပီ လိုအပ်သမျှကို ဝိုင်းဝန်းကူညီကြ၏ ။

ကျွန်းသို့လိုက်၍ ဖိုးအေးတို့ မိသားစုနေထိုင်ရန် မှန်တိုင်းဒဏ်ခံနိုင်သော တဲထိုးပေး၏ ။

ကုန်စုံဆိုင်ရှင် တရုတ်အကျင်းက ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့ကို အကြွေး ရောင်းလေ၏ ။

ရွာသူကြီး ဦးမြသာက ဖိုးအေး၏ အပြုအမူကို မနှစ်သက်သော်လည်း မနာမကျန်းဖြစ်ပါက သုံးစွဲနိုင်ရန် သူ၏ ဆွေစဉ်မျိုးဆက်သုံး သွေးဆေးကြီးကို ရက်ရောစွာ လှူဒါန်းလိုက်၏ ။

ကျွန်းပေါ်တွင် မြင့်မားသော ကျောက်တောင်မှ စီးဆင်းကျနေသော ရေချိုရှိ၏ ။ သောက်ရေအတွက် ပူပင်စရာမလို။ ကျွန်းတွင် အရေးကြီးဆုံးက မီးဖြစ်၏ ။ ထို့ကြောင့် ကြေးမီးခြစ် များကို ပိုမိုဆောင်ထားရ၏ ။ မီးထွန်းရန် ရေနံဆီကိုလည်း ပုံးဖြင့် ထည့်ထားရ၏ ။

မနာမကျန်းဖြစ်ပါက သောက်သုံးရန် ဆေးမြီးတိုမျိုးစုံကိုလည်း ဟိုမှဒီမှ လှူဒါန်းကြ၏

မုန့်တိုင်းဒဏ်ခံနိုင်သော တဲအိမ်ကလေးနှင့် စားနပ်ရိပ်ကွာပြည့်ပြည်စုံစုံကို စီစဉ်ပေးပြီးသောအခါ မိုးဝင်တော့မည်ဖြစ်သဖြင့် ရွာသူရွာသားများသည် ကျွန်းမှထွက်ခွာရန်ပြင်ဆင်ကြ၏။

အချို့သောရွာသားများက ဖိုးအေးတို့ ကျွန်းကလေးကိုကြည့်၍ ...

"ကျွန်းကလေးနဲ့ တဲအိမ်ကလေးဟာကြည့်ရတာ ပဏ္ဏာရလိုက်တာ၊ မင်းတို့နဲ့အတူ ကျွန်းပေါ်မှာ နေချင်စိတ်တောင်ပေါက်သွားပြီ"

ဟုပြောဆိုလေ၏။ ထိုဒေသဝန်းကျင်မှ ကျွန်းသို့လာရောက်သူတိုင်း ဖိုးအေးတို့မိသားစုအား အထူးအဆန်းအနေနှင့် တအံ့တသြကြည့်ရှုကြ၏။ ဖိုးအေး၏ သူရသတ္တိကိုလည်း တဖွဖွချီးမွမ်းကြ၏။ ဖိုးအေးတို့ သူ့အား သူရသတ္တိရှိသည်ဟု ချီးမွမ်းကြသောအခါ စိတ်ထဲတွင်မလုံမလဲဖြစ်သွားမိ၏။ အမှန်စင်စစ် သူသည် ရိုသားအေးဆေး၍ ကြောက်ရွံ့တတ်သူတစ်ဦးဖြစ်၏။

သူတွင် သူရသတ္တိရှိသည်ဆိုလျှင် သားရှင်ပြုရန် ရည်မှန်းချက်ကြောင့်သာလျှင်ဖြစ်ပေလိမ့်မည်။

မိုးဦးကာလ နီးကပ်လာသောအခါ တံငါသည်များ ကျွန်းမှ စွန့်ခွာသွားလေပြီ ကျွန်းပေါ်တွင် ဖိုးအေးတို့ မိသားစုလေးဦးသာ ကျန်ရစ်ခဲ့၏။

လှေသမ္ဗန်များ ဝေး၍ ဝေး၍ သွားသည်အထိ မျက်စိတစ်ဆုံးကြည့်ရှုနေမိ၏။

ကျွန်းပေါ်တွင် တစ်မိုးတွင်းလုံး ဆင်းရဲပင်ပန်းစွာ နေထိုင်ရဦးမည်။

သည်နှစ်ပင်လယ်ထဲမှ မျှော်ပါသောပစ္စည်းများ များများစားစားရပါစေဟူ၍ သာ ဆုတောင်းလိုက်မိ၏။

ဖိုးအေး၏ သားနှင့်သမီးသည် ကျွန်းပေါ်မှာ ပျော်နေပြီ။ သူတို့နှစ်ဦး အပူအပင်မရှိ သစ်ပင်များပေါ်သို့တက်၍ အသီးများကို ခူးဆွတ်၏။

လိုက်တမ်းပြေးတမ်း ကစား၏ ။

သမီးကြီးမြယဉ်မှာ အသက် (၁၃) နှစ်၊ သားငယ် ရဲခေါင်မှာ (၁၀) နှစ်။

ကျွန်းသို့ရောက်ပြီး သုံးရက်အကြာတွင် မိုးစတင်ရွာသွန်းသည်။ သို့သော် မိုးသက်လေပြင်းမဟုတ်သဖြင့် ဖိုးအေးတို့မှာ ခံသာ၏ ။ သူတို့အတွက် စားရေးသောက်ရေးကိစ္စမှာလည်း ခက်လှသည်မဟုတ်သေး။

ကျွန်းတွင်ထိုင်၍ ငါးများနေရုံဖြင့် လိုသမျှငါးရ၏ ။ ကျွန်းပေါ်တွင် ချဉ်ပေါင်၊ ကန်စွန်း၊ ငရုတ်၊ သခွားစသည်တို့ ပေါက်ရောက်နေ၏ ။ ကျွန်းသို့နှစ်စဉ်လာရောက်သူများ စိုက်ပျိုးထားခြင်းကြောင့် ရာသီအလိုက်ပေါက်ရောက်နေခြင်းဖြစ်၏ ။

ကျွန်းပေါ်တွင် အပေါများဆုံးမှာ မျှစ်ဖြစ်၏ ။ မျှစ်ကိုမည်သည့်နေရာတွင်မဆို ရရှိနိုင်၏ ။ မှိုလည်း အလွန်ပေါ၏ ။ သို့သော် မှိုမျိုးစုံလင်ပြီး အဆိပ်အတောက်ဖြစ်မည်စိုးသဖြင့် မည်သူမျှ ရဲရဲဝံ့ဝံ့ မစားရဲ။

တောထဲတွင် ငှက်၊ ရှဉ့်၊ တောကြက်တို့ကို ရနိုင်၏ ။ သူတို့တွင် ငါးခြောက်၊ ငါးခြမ်းများ လည်း စုဆောင်းထား၏ ။

မနက်စာကို ထမင်းကြမ်းနှင့် ငါးခြောက်ဖုတ်၊ နေ့လယ်စာကို ငါးဆီပြန်ဟင်းနှင့် ချဉ်ပေါင် ဟင်းစသည်ဖြင့် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားနိုင်၏ ။ မိုးတဖွဲဖွဲရွာနေသည့်အချိန်တွင် တဲအတွင်းတွင် ထိုင်၍ စကားစမြည် ပြောဆိုရင်း.. မဆုံက..

"ကျွန်းမှာ ထင်သလောက် မဆိုးဘူးနော် ကိုဖိုးအေး"

ဟုဆိုလိုက်ရာ ဖိုးအေးက ဆေးပေ့ါလိပ်ကို မီးညှိဖွာရှိုက်၍ ...

"မုန်တိုင်း မလာခင်ကတော့ ဟုတ်တာပေ့ါမဆုံရာ၊ မကြာမီ မုန်တိုင်းလာတော့မယ်။ မုန်တိုင်းလာရင် အလွန်ကြောက်စရာကောင်းတဲ့

လေပြင်းတွေ ပါလာလိမ့်မယ်”

ဟု တီးတိုးပြောလိုက်လေတော့၏ ။ နောက်နှစ်ရက် အကြာတွင် ဖိုးအေးသည် ပင်လယ်ပြင်သို့ ငေးမောကြည့်ရှုရင်း…

“ဟိုး… ဝေးဝေးမှာ နီမည်းမည်းဖြစ်နေတဲ့ ကောင်းကင်ကို ကြည့်ရတာ မသင်္ကာဘူး။ မုန်တိုင်းဖြစ်တော့မယ်နဲ့တူတယ်။ မိဆုံ သားနဲ့သမီးကို ခေါ်ကွာ ငါတို့ထဲမှာ ပြင်ဆင်စရာရှိတာ ပြင်ဆင်ရအောင်”

ဟုပြောလေ၏ ။ တဲသို့ပြန်ရောက်သောအခါ မိုစိုနိုင်သော ခြင်ထောင်၊ စောင်၊ ခေါင်းအုံးများ ကို တရပတ်ဖြင့် အုပ်ရ၏ ။

ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်များကို လုံလုံခြုံခြုံဖြစ်အောင်ပြုပြင်ရ၏ ။

မနက်စာထမင်းကိုလျှင်မြန်စွာချက်၍ ကမန်းကတန်းစားရ၏ ။ ဖိုးအေးက သားသမီးများအား ကြည့်၍ ..

“သားနဲ့ သမီး မုန်တိုင်းတိုက်တော့မယ်။ အနားမှာနေနော်။ မကြောက်နဲ့ ဟိုပြေးဒီပြေး မလုပ်နဲ့”

ဟုသတိပေးလေ၏ ။

ဖိုးအေးက အတွေ့အကြုံများသူပီပီ သားသမီးများအား မနက်စာနှင့် ညစာ ပေါင်း၍ အဝ စားခိုင်း၏ ။

ထမင်းဝိုင်းသိမ်းသည်နှင့် လေတိုက်ခတ်စပြုလာ၏ ။ ပင်လယ်ရှိ လှိုင်းလုံးများ၏ တိုက်ခတ်ဟန် ပုံမှန်မရှိတော့။ လေတဖြည်းဖြည်းထန်လာပြီး မိုးစက်လေများကျလာ၏ ။

ထို့နောက် မိုးပေါက်များအဖြစ်သို့ ပြောင်းလဲသွားပြီး ပတ်ဝန်းကျင်တစ်ခွင်လုံး အုပ်ဆိုင်း ညှို့မှိုင်းသွား၏ ။

အလင်းရောင်ပျောက်သလိုဖြစ်သွား၏။ လေပြင်းသည် တဲကလေးကို အနီးမှ ပင်တိုက်လိုက်သဖြင့် တဲတစ်လုံး လူပ်ခတ်သွား၏။ ကလေးနှစ်ဦးလန့်ဖြန့်၍ အော်ဟစ် လိုက်ကြ၏။ ဖိုးအေးက ကလေးများကို "မကြောက်နဲ့"ဟု အားပေးလိုက်၏။

ပတ်ဝန်းကျင်တစ်ခုလုံး ကမ္ဘာပျက်သည်နှယ် ဆူညံနေ၏။ လေသည် တဝေါဝေါမြည်အောင် တိုက်ခတ်နေပြီး ကျွန်းပေါ်ရှိ သစ်ပင်ကြီးငယ်တို့ကို ပြိုလဲကျစေ၏။

တဲတစ်ခုလုံး သိမ့်သိမ့်တုန်နေပြီ။ မြေပြင်မှ လွင့်ပျံ့တက်မတတ် လှုပ်ခါနေ၏။ တဲ၏ အကာအရံများသည် လွင့်ပျံထွက်သွားပြီး မိုးစက်မိုးပေါက်များ တဝေါဝေါဝင်ရောက်လာ၏။

ဆန်ပုံးများ၊ဆီပုံးများ ပြိုလဲကျသွား၏။ လေသည် ပိုမိုပြင်းထန်လာသဖြင့် ဖိုးအေးတို့မိသားစုသည် အိမ်တိုင်းကို ဝိုင်းဝန်းဆုပ်ကိုင်ပြီး ရသမျှ ဘုရားစာများကို ရေရွတ်နေကြလေ၏။

ဖိုးအေးသည် ကျွန်းသို့ရောက်ပြီးချိန်တွင် ပထမဆုံးအကြိမ်နောင်တရလိုက်မိ၏။ တဲတစ်ခုလုံးကို တစ်စစီ လွင့်ပျံသွားလျှင် သူတို့မိသားစု၏ ကံကြမ္မာကို တွေးဝံ့စရာမရှိ။

အမိုးမလုံတော့သဖြင့် တဲအတွင်းသို့ မိုစက်မိုးပေါက်များ ပြင်းထန်စွာ ဝင်ရောက်လာ၏။ တဲပေါ်သို့ သစ်ကိုင်းကြီးတစ်ကိုင်းလွင့်ပျံလာ၏။ ကံကောင်းထောက်မ၍ မိသားစုအား အထိအခိုက် မရှိ။

မုန်တိုင်းတိုက်ခတ်ချိန် ကြာလွန်းလှသည်ထင်မိ၏။ ညနေစောင်းသောအခါ မုန်တိုင်းမှာ အနည်းငယ် အားပျော့သွား၏။

တဖြည်းဖြည်းလေရော မိုးပါအားပျော့သွား၏။ သူတို့မိသားစုအားလုံး မိုးရေများစိုရွှဲပြီး ကြွက်စုတ်ကဲ့သို့ဖြစ်နေ၏။

ခန္ဓာကိုယ်တစ်ခုလုံး ကိုင်ရိုက်ထားသည့်နှယ် နာကျင်နေမိ၏ ။ မလှုပ်ချင် မကိုင် ချင်ဖြစ်နေ၏ အားအင်ကုန်ခမ်းပြီး ပင်ပန်းနွမ်းနယ်နေ၏ ။ ဖိုးအေးသည် ကျဆင်းနေသော စိတ်ဓာတ်ကို အားယူ၍ တင်းလိုက်ပြီး...

"မုန်တိုင်းပြီးသွားပါပြီကွာ၊ သားနဲ့သမီးတို့ ကြောက်သွားလား"

ဟုမေးမြန်းလိုက်၏ ။ ရဲခေါင်က..

"မကြောက်ပါဘူးဗျား ပျော်စရာတောင်ကောင်းသေးတယ်။ ဒီလို မုန်တိုင်း ခဏခဏ တိုက်ရင် ကောင်းမယ်"

ဟုဖြေလေရာ ဖိုးအေးနှင့် မိဆုံသည် မျက်လုံးပြူးသွားလေ၏ ။ ရဲခေါင်သည် အကြောက် အလန့်မရှိ တုံးတိုက်တိုက် ကြားကိုက်ကိုက်ဆိုသော ကလေးမျိုးဖြစ်၏ ။သမီးကြီး မြယဉ်ကမူ အသံတုန်တုန်ယင်ယင်ဖြင့်...

"သမီးတော့ ကြောက်တယ်။ အိမ်ကြီးလေထဲပါသွားရင် ဘယ်လိုလုပ်မလဲ"

ဟု ညည်းတွားလေ၏ ။

"အစ်မကလဲဗျာ၊ လေထဲပါသွားတော့လဲ ကျုပ်တို့ မိသားစု လိုက်စီးသွားရုံပေါ့"

ဟုပြောကာ တဟားဟားရယ်မောလေ၏ ။

ဖိုးအေးတို့ သားအဖသုံးယောက် ကျွန်းသို့ လှည့်လည်ကြည့်နေစဉ် မိဆုံသည် ထမင်းအိုး တစ်လုံးကို ကြိုးစား၍ တည်နေ၏ ။

ဆန်များရေမစို၍ တော်ပါသေး၏ ဟု တွေးတောနေမိ၏ ။

ကျွန်းတစ်ခုလုံး ရစရာမရှိအောင် ပျက်စီးသွား၏ ။ သစ်ပင်ကြီးများ ပြိုလဲကျနေ၏ ။

သာယာလှပသော ကျွန်းသည် သစ်ပင်သစ်ကိုင်းအကိုင်းအကျိုးအပြတ်များနှင့် အရုပ်ဆိုး အကျည်း တန်သွား၏ ။

ကျွန်းအနောက်ပိုင်းသို့ရောက်သောအခါ ဖိုးအေးအလွန်ဝမ်းသာသွား၏ ။ သစ်ပင်ကြီးနှစ်ပင်၏ ပင်စည်ကြားတွင် သေတ္တာကြီးတစ်လုံးတင်နေ၏ ။ မုန်တိုင်းတိုက်ခတ်စဉ် အနီးအနားမှ ဖြတ်သွားသော သင်္ဘောတစ်စင်းမှ မျောပါခဲ့ခြင်းဖြစ်တန်ရာ၏ ။

“ဒါ ကျွန်းကပေးတဲ့ ပထမဦးဆုံးလက်ဆောင်ပဲ၊ နောက်လဲ တို့မိသားစုကို လက်ဆောင်တွေ အများကြီး ပေးလိမ့်မယ်”

ဟုပြောဆိုလိုက်လေရာ သာဖြစ်သူ ရဲခေါင်က ရယ်မော၍ ..

“ဟိ ဟိ ပျော်စရာကြီး”

ဟု ရေရွတ်လိုက်လေ၏ ။

ထိုညက ညစာကို ထမင်းကြမ်းနှင့် ငါးခြောက်ဖုတ်သာစားရသော်လည်း အားလုံး ထမင်း မြိန်လှ၏ ။

မိသားစု ထမင်းစားပြီးသောခါ နိုင်ငံခြားအရက်ပုလင်းများကိုကြည့်၍ ပီတိဖြစ်လို့မဆုံးနိုင်တော့။ အရက်ပုလင်းများ၏ တန်ဖိုးကို ထင်ကြေးနှင့် အမျိုးမျိုးတွက်ချက်ကာ ပျော်ရွှင်နေ၏ ။

*